# 15 iPad Games

## 1 Aurora Feint 3



Aurora Feint 3 က Bejeweled လိုမျိုး ရတနာတွေကို အရောင်တူရာစုရတဲ့ ပဟေဠိ game တစ်ခု ဖြစ်ပါတယ်။ Level တက်ဖို့အတွက် ကျောက်မျက်ရတနာတွေကို အရောင်တူ ၃ ခု ဖြစ်အောင် လက်နဲ့ မြန်မြန်ဆွဲရွှေ့ရမှာ ဖြစ်ပါတယ်။



## 2 Bub-Wider

ဒီ game လေးကိုဆော့ရင် စိတ်ငြိမ်သက်အေးချမ်းစေမှာပါ။ တောထဲက သစ်စေ့လေးတွေကို ပူဖောင်းလေးနဲ့ လိုက်ဖမ်းရမှာဖြစ်ပြီး ရန်သူတွေကို ရှောင်ရှားရမှာဖြစ်တဲ့ ဒီ game က iPhone မှာတုန်းက ထက်စာရင် အနည်းငယ် ဆန်းသစ်ထားပြီး မှုန်ဝါးဝါးဖြစ်နေတဲ့ graphics ပိုင်းကိုတော့ ပြင်ဆင်ဖို့ လိုအပ်ပါသေးတယ်။ ဒါပေမဲ့ iPad ရဲ့ screen က အသေးစိတ်ကအစမြင်ရတဲ့အတွက် ဒီ game ကို ကောင်းကောင်းဆော့နိုင်ပါတယ်။

## 3 Cliffed: Norm's World XL (universal)

ဒီ game မှာပါတဲ့ ကောင်လေးက ကျောက်တုံးတွေ၊ အပေါက်တွေကို ရှောင်ပြီး အပေါ်ကနေအောက်ကို ဘယ်ညာခုန်ကူးဆော့ရမှာ ဖြစ်ပါတယ်။ ကိုယ်ဘယ်လောက် အနက်ကိုရောက်နေပြီဆိုတဲ့ဖော်ပြချက်မပါတာက လွဲရင် အမှတ်များများရဖို့အတွက် ဆော့ရတာပျော်ဖို့ကောင်းပါတယ်။





## 4 Air Hockey Gold

Air Hockey game တွေက iPhone မှာထက်စာရင် iPad ရဲ့ screen ကျယ်ကျယ်ပေါ်မှာ ကစားရတာ ပိုအဆင်ပြေပါတယ်။ Air Hockey Gold က စမ်းကစားကြည့်တဲ့အခါ ကစားလို့ကောင်းပြီး two-player mode နဲ့ ကစားရတာ ပိုကောင်းပါတယ်။

## 5 Escape - Norm's World XL (universal)

ပေးထားတဲ့စက်ဝိုင်းလေးတွေပေါ်ကို ရောက်အောင်ခုန်ရမှာဖြစ်ပြီး စက်ဝိုင်းတစ်ခုကနေ နောက်တစ်ခုကိုခုန်လိုက်တဲ့အခါ ကျန်ခဲ့တဲ့အဝိုင်းလေးက ပျောက်သွားပါလိမ့်မယ်။ နောက်ထပ် level တစ်ခုကို တက်နိုင်ဖို့အတွက် ပေးထားတဲ့စက်ဝိုင်းတွေအားလုံးပေါ်ကို ခုန်ရမှာဖြစ်ပါတယ်။



## 6 GodFinger All-Stars for iPad

iPad အတွက် နတ်ဘုရားနဲ့ ပတ်သက်တဲ့ game တွေ အများကြီးရှိပေမဲ့ အများစုက ဆွဲဆောင်မှုမရှိပါဘူး။ GodFinger All-Stars ကတော့ ကိုယ့်ကို အဲဒီ game တွေနဲ့ ကွဲပြားသွားစေမှာ ဖြစ်ပါတယ်။ သူ့ရဲ့ interface က စိတ်ဝင်စားဖို့ကောင်းပြီး ထူးခြားတဲ့ game တစ်ခု ဖြစ်ပါတယ်။ ဘယ်တော့မှ မပြီးတဲ့ game တစ်ခုဖြစ်ကာ ကစားတဲ့အခါ ပျော်ရွှင်မှုတွေ အများကြီးပေးစွမ်းနိုင်ပါလိမ့်မယ်။





## 7 Harbor Master HD

ဒီ game က Flight Control နဲ့ ဆင်တူပါတယ်။ ဒါပေမဲ့ သေချာကစားကြည့်ရင်တော့ မသိမသာလေး ကွဲပြားခြားနားပါတယ်။ Harbor Master က line-drawing game တစ်ခု ဖြစ်ပါတယ်။ သင်္ဘောဆိပ်ကို သွားမယ့် လမ်းကြောင်းဆွဲရမှာဖြစ်ပြီး ကုန်ချပြီးတဲ့အခါ နောက်ထပ် သင်္ဘောဆိပ်တစ်ခုကို သွားရမှာ ဖြစ်ပါတယ်။ ပစ္စည်းတွေ ပိုတင်ရတဲ့အခါ ပိုပြီးရှုပ်ထွေးလာကာ ပိုမြန်လာမှာ ဖြစ်ပါတယ်။



## 8 Tiny Tower (universal)

မိုးမျှော်တိုက်သေးသေးလေးထဲက လူသေးသေးလေးတွေကို ဆူရှီတွေ ကျွေးရမှာဖြစ်ပြီး တခြားလုပ်ငန်းငယ်လေးတွေကိုလည်း လုပ်ပေးရမှာ ဖြစ်ပါတယ်။ ကိုယ်က စိတ်ရှည်တဲ့သူဆိုရင်တော့ ဟိုလုပ် ဒီလုပ်နဲ့ ထိန်းချုပ်ရတဲ့ ဒီလို game မျိုးကို သဘောကျမှာပါ။ TinyTower က ကစားလို့ကောင်းပြီး ဆွဲဆောင်မှုရှိတဲ့အတွက် ကိုယ့်ရဲ့ အချိန်တွေကိုတော့ ကုန်ဆုံးစေပါလိမ့်မယ်။




## 9 New York 3D Rollercoaster Rush HD Free

Game က ရိုးရိုးလေးပါပဲ။ iPad ကို လက်ထဲမှာ ကိုင်ထားပြီး rollercoaster သွားရာလမ်းကြောင်းမှာ သူ့ရဲ့အရှိန်ကို ကိုယ်က ထိန်းချုပ်ရမှာ ဖြစ်ပါတယ်။

## 10 Pukk HD

Pukk HD က တစ်ယောက်တည်း ကစားမယ်ဆိုရင် ပျင်းဖို့ကောင်းပါတယ်။ ဒါကြောင့် အတူကစားမယ့်သူငယ်ချင်းတွေမရှိရင် မကစားသင့်ပါဘူး။ ကစားမယ့်အဖော်ရှိရင်တော့ စိတ်လှုပ်ရှားဖို့ကောင်းတဲ့ တင်းနစ်ပြိုင်ပွဲတစ်ပွဲ ဖြစ်လာပါလိမ့်မယ်။ ဒါ့ပြင် Tap Blaster HD ထက်လည်း အများကြီး ပိုပြီး ကြည့်ကောင်းပါတယ်။



## 11 Grim Joggers Freestyle




အားကစားတစ်ခုခုလုပ်တော့မယ်ဆိုရင် ဒီလိုခပ်ဖွဖွလေးပြေးတဲ့ အားကစားမျိုးကို စိတ်ထဲက ပထမဆုံးစဉ်းစားမိမှာ မဟုတ်ပါဘူး။ အခုတော့ Grim Joggers freestyle game လေးကို ကစားကြည့်လိုက်ပါ။ အပြေးလေ့ကျင့်သူတွေ အတန်းလိုက်ကြီးရဲ့ ရှေ့ဆုံးကတစ်ယောက်က မီးခိုးရောင် အတားအဆီးတွေကို ခုန်ကျော်လိုက်ရင် နောက်မှာပါတဲ့သူတွေကပါ အဲ့ဒါကိုလိုက်ပြီး ခုန်ကျော်ရမှာဖြစ်ပါတယ်။ အိပ်မက်ဆန်ဆန် ကမ္ဘာထဲမှာအတားအဆီးနဲ့ အန္တရာယ်တွေကို အပြေးသမားတစ်တွဲကြီးကျော်ဖြတ်ရင်း အသက်ရှင်နိုင်အောင်ဆော့ရမှာဖြစ်ပါတယ်။

## 12 Drop7 Free (universal)




Drop7 ဟာ အကောင်းဆုံး iOS a ဉာဏ်စမ်း game တွေထဲက တစ်ခုဖြစ်ပါတယ်။ အလယ်မှာနံပါတ်ပါတဲ့ အဝိုင်းလေးတွေကို လေးထောင့်ကွက်ထဲပစ်ချရမှာ ဖြစ်ပါတယ်။ ကိုယ်ပစ်ချလိုက်တဲ့ နံပါတ်နဲ့ လေးထောင့်ကွက်ထဲမှာရှိနေတဲ့နံပါတ်နဲ့ ဒေါင်လိုက်ပဲဖြစ်ဖြစ်၊ အလျားလိုက်ပဲဖြစ်ဖြစ် တူခဲ့ရင် အဝိုင်းနှစ်ခုလုံးပျောက်ကွယ်သွားပါလိမ့်မယ်။ မီးခိုးရောင်အဝိုင်းလေးတွေကတော့ သူတို့ရဲ့ဘေးကအဝိုင်းလေးတွေ နှစ်ကြိမ်ပျောက်ကွယ်သွားရင်ပျက်ဆီးသွားမှာ ဖြစ်ပါတယ်။

## 13 TinkerBox




TinkerBoxက တခြား game တွေနဲ့ မတူပါဘူး။ ကိုယ့်ရဲ့ သေသေချာချာ တွေးခေါ်စဉ်းစားတဲ့အပေါ်မှာပဲ မူတည်ပါတယ်။ စက်ပစ္စည်းတွေကို တည်ဆောက်မယ်။ အင်ဂျင်နီယာအတွေးအခေါ်တွေ အသုံးပြုပြီး tool တွေကို အသုံးပြုမယ်။ ဒီ game က စာသင်နေတဲ့ ကလေးလေးတွေအတွက် သင့်တော်ပြီး အရင်က Meccano ကို အကြိုက်တွေ့ခဲ့တဲ့ သူတွေအတွက်လည်း အဆင်ပြေစေပါတယ်။

## 14 Doddle Jump:HOP The Movie (universal)




Lima Sky ရဲ့ Doodle Jump က အသိအမှတ်ပြုခံရတဲ့ iOS game တွေထဲက တစ်ခု အပါအဝင် ဖြစ်ပါတယ်။ ပေးထားတဲ့အတုံးလေးတွေပေါ်ကို ရန်သူတွေကိုရှောင်ရင်း မပြုတ်ကျအောင် ခုန်တက်ရမှာဖြစ်ပါတယ်။ ချစ်စရာကောင်းတဲ့ယုန်ကလေးကို ထိန်းချုပ်ရမှာဖြစ်ပြီး level တွေ ကန့်သတ်ထားပါတယ်။ Endless mode ကို လိုချင်ရင်တော့ ဝယ်ယူရမှာ ဖြစ်ပါတယ်။

## 15 NinJump - HD




NinJump ကတော့တက်သုတ်ရိုက်ပြီး အမြန်ကစားရတဲ့ game တစ်ခု ဖြစ်ပါတယ်။ အဆုံးမရှိတဲ့မျှော်စင် ၂ ခုအကြား ကိုယ့်ရဲ့နင်ဂျာကိုခုန်ကူးပြီး တွယ်တက်နိုင်းရမှာ ဖြစ်ပါတယ်။ လေထဲမှာပျံလာတဲ့ ငှက်တွေ၊ ရှဉ့်တွေနဲ့ ရန်သူနင်ဂျာတွေပစ်လွှတ်လိုက်တဲ့ ကြယ်ပွင့်တွေကို ရှောင်ရှားရမှာပါ။ ရိုးရှင်းပြီး ပျော်ဖို့ကောင်းတဲ့ game လေး ဖြစ်ပါတယ်။